**ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာန**

**ငွေကြေးနှင့်ဘဏ်အုပ်ချုပ်ရေးဌာနခွဲ**

**(နိုင်ငံခြားငွေလွှဲစည်းမျဉ်းသတ်မှတ်ရေးနည်းဥပဒေများ (ပြင်ဆင်ချက်))**

**အမှတ် ၆၇၅**

**ရန်ကုန်မြို့၊ ၁၃၂၁ ခု၊ နတ်တော်လပြည့်ကျော် ၈ ရက်။**

**(၁၉၅၉ ခု၊ ဒီဇင်ဘာလ ၂၂ ရက်။)**

အမှတ် ၆၇၅။ ။ နိုင်ငံတော်သမတက၊ ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားငွေလွှဲစည်းမျဉ်း သတ်မှတ်ရေးအက်ဥပဒေ ပုဒ်မ ၂၇ ဖြင့်အပ်နှင်းထားသော အာဏာများကိုသုံးစွဲလျက်၊ ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးဌာန၏ ၁၉၅၃ခု၊ အောက်တိုဘာလ ၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၈၈ နှင့်ထုတ်ပြန်ထားသည့် နိုင်ငံခြားငွေလွှဲစည်းမျဉ်းသတ်မှတ်ရေးနည်းဥပဒေ ၃ အရ၊ ပဋ္ဌမဇယားတွင် ပြဋ္ဌာန်းထားသော ကျေညာချက် ပုံစံ (၃) နှင့် (၄) တို့ကို အောက်ပါအတိုင်း ပြင်ဆင်လိုက်သည်။

**ပြင်ဆင်ချက်**

အထက်ဖော်ပြပါ နိုင်ငံခြားငွေလွှဲစည်းမျဉ်း သတ်မှတ်ရေးနည်းဥပဒေ ၃ အရ၊ ပဋ္ဌမဇယားတွင်

ပြဋ္ဌာန်းထားသောကျေညာချက်ပုံစံ (၃) ကို ဤအမိန့်ကြော်ငြာစာနှင့် ပူးတွဲထားသော ကျေညာချက်ပုံစံ (၃) ဖြင့် အစားထိုးရမည်။

အဆိုပါနည်းဥပဒေအရ၊ ပဋ္ဌမဇယားတွင် ပြဋ္ဌာန်းထားသော ကျေညာချက်ပုံစံ (၄) ကို ပယ်ဖျက်ရမည်။

အမိန့်အရ၊

ကျော်ညွန့်၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာန။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 Declaration form (3) to be completed by the Applicant for Medical Treatment Outside Burma

Myanmar Law Information System (MLIS)